AYA Bank
ရာဝတီဘဏ်
Your Trusted Partner

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧရာဝတီဘဏ်လီမိတက်၏
# နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်း၊
# ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၊ မွန်းတည့်(၁)နာရီ
# ဧရာဝတီဘဏ်လီမိတက်(ရုံးချုပ်)၊ အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊
# ရန်ကုန်မြို့

**အစည်းအဝေးတက်ရောက်သူများ**

**အစုရှယ်ယာရှင်များ**

(၁) ဦးဇော်ဇော်
(၂) ဒေါ်ငွေးငွေးခိုင်
(၃) ဦးသန်းဇော်
(၄) ဦးစိုးတင့်
(၅) ဦးအုန်းကျော်

**ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ**

(၁) ဒေါ်ခင်စောဦး၊ အမှုဆောင်ဥက္ကဋ္ဌ
(၂) ဒေါ်ခင်မမ၊ အမှုဆောင်ဒါရိုက်တာ
(၃) အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်
(၄) Prof. ဒေါက်တာအောင်ထွန်းသက်၊ အမှုဆောင်မဟုတ်သည့်သီးခြားလွတ်လပ်သောဒါရိုက်တာ
(၅) ဒေါက်တာတင်လတ်၊ အမှုဆောင်မဟုတ်သည့်သီးခြားလွတ်လပ်သောဒါရိုက်တာ
(၆) ဦးမင်းစိန်၊ အမှုဆောင်မဟုတ်သည့်သီးခြားလွတ်လပ်သောဒါရိုက်တာ

**ပြင်ပစာရင်းစစ်**

Myanmar Vigour Associates
ဒေါ်ချိုချိုအောင်တင်၊ Partner

**ခွင့်ဖြင့် ပျက်ကွက်သူများ**

ဦးသန်းဦး၊ ဒေါ်ဆန်းဆန်း

**အစည်းအဝေးအစီအစဉ်**

(၁) အစည်းအဝေး၏ သဘာပတိ ရွေးချယ်တင်မြှောက်ခြင်းနှင့် အစည်းအဝေးဆင့်ခေါ်စာအား အတည်ပြုခြင်း

(၂) အစည်းအဝေးသဘာပတိမှ အဖွင့်အမှာစကားနှင့် ကျေးဇူးတင်ကြောင်းပြောကြားခြင်း

(၃) ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုကော်မတီများအား လုပ်ငန်းဆက်လက် ထမ်းဆောင်ရန် ရွေးချယ် တင်မြှောက်ခြင်းနှင့်လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

(၄) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ စာရင်းစစ်အဖွဲ့ခေါင်းဆောင် အစီရင်ခံစာ (Statutory Audit Report) အရ စာရင်းစစ်ခံခဲ့ပြီးသည့် ဘဏ္ဍာရေးအခြေအနေများကို ဖတ်ကြားခြင်း

(၅) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖွဲ့ ရွေးချယ်ခန့်ထားခြင်းနှင့် အတည်ပြုခြင်း

(၆) အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့မှ ဆွေးနွေးခြင်း

(၇) အစည်းအဝေး၏ သဘာပတိမှ ကျေးဇူးတင်စကားနှင့် အစည်းအဝေး နိဂုံးချုပ်စကား ပြောကြားခြင်း၊

**အစီအစဉ်(၁)**

**အစည်းအဝေး၏ သဘာပတိ ရွေးချယ်တင်မြှောက်ခြင်းနှင့် အစည်းအဝေးဆင့်ခေါ်စာအား အတည်ပြုခြင်း**

ဥက္ကဋ္ဌ ဦးဇော်ဇော်အား အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ရန် အမှုဆောင်ဒါရိုက်တာမှ အဆိုပြုခြင်းအား အစုရှယ်ယာဝင်(၂)ဦးမှ အတည်ပြုခဲ့ကြပြီး အစည်းအဝေးအား အစုရှယ်ယာအားလုံး၏ (၁၀%)အထက် ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ စုံညီစွာ တက်ရောက်ပါသဖြင့် အစည်းအဝေး အထမြောက်ကြောင်း ကြေငြာခဲ့ပြီး အစည်းအဝေးဆင့်ခေါ်စာအား အတည်ပြုခဲ့ကြပါသည်။

**အစီအစဉ်(၂)**

**အစည်းအဝေးသဘာပတိမှ အဖွင့်အမှာစကားနှင့် ကျေးဇူးတင်ကြောင်းပြောကြားခြင်း**

သဘာပတိ ဦးဇော်ဇော်မှ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့၏ ကြိုးပမ်းမှုကြောင့် (၁၀)နှစ်တာကာလအတွင်း ဘဏ်လုပ်ငန်းများ တည်ငြိမ်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရောဝတီဘဏ်သည် IFRS နှင့်အညီ ဘဏ်လုပ်ငန်းအားလုပ်ဆောင်နိုင်ခဲ့ပြီး စာရင်းဇယားများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစီရင်ခံစာတင်ပြခြင်းနှင့်အတူ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် စာရင်းစစ် အစီရင်ခံစာများကို အများပြည်သူထံသို့ Website မှတဆင့် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ Private Bank မှ Public Bank သို့ အဆင့်ဆင့်ပြောင်းလဲလုပ်ကိုင်သွားရန်အတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

ရောဝတီဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများအား အနီးကပ်ကြီးကြပ်လမ်းညွှန်မှု ပြုလုပ်နေသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ကျေးဇူးအထူးပင်တင်ရှိပါကြောင်းကိုလည်း မှတ်တမ်းတင်ထားရှိလိုပါကြောင်းနှင့် ဗဟိုဘဏ်၏ စနစ်တကျအုပ်ချုပ်မှုအောက်တွင် ဘဏ်လုပ်ငန်းအား နည်းပညာများ အသုံးပြုကာ နိုင်ငံတော်၏ စီးပွားရေးအား ပိုမိုကောင်းမွန်ရန် တစ်ဖက်တစ်လမ်းမှ ကြိုးစားသွားရန်တိုက်တွန်းပါကြောင်း၊

**<u>စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များ</u>**

ဤအဆိုပြုတင်ပြသည့် အချက်အားလုံးအား နှစ်ပတ်လည်အစည်းအဝေး၏ အသိပေးချက်တွင် ကြိုတင်ဖော်ပြထားပြီးဖြစ်သည်။

**အစီအစဉ်(၃)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၁)**

**ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုကော်မတီများအား လုပ်ငန်းဆက်လက် ထမ်းဆောင်ရန် ရွေးချယ် တင်မြှောက်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

အစုရှယ်ယာရှင် ဦးသန်းဇော်မှ လက်ရှိ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများသည် သတ်မှတ်သက်တမ်းကာလတွင် တည်ရှိနေသည့်အတွက် လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန် အဆိုပြုခဲ့ခြင်းအား ဒါရိုက်တာများမှလည်း ၎င်းတို့၏ သဘောဆန္ဒဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ရန် အတည်ပြုခဲ့ကြပါသည်။ ဦးသန်းဇော်၏ အဆိုပြုချက်အား အစုရှယ်ယာရှင် ဒေါ်ငွေငွေခိုင်မှ ထောက်ခံ၍ အစည်းအဝေး တက်ရောက်လာသည့် အစုရှယ်ယာရှင်များမှ မဲပေးခြင်းဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ဘဏ်၏ စာရင်းစစ်ကော်မတီအပါအဝင် ဘဏ်တွင် ဖွဲ့စည်းထားသည့် ကော်မတီများမှ **"လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီများအား လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရန်"** အစုရှယ်ယာရှင်များမှ တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်များ အပ်နှင်းကာ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်(၁)အား အစည်းအဝေး၏ သဘာပတိမှ အတည်ပြုခဲ့ပါသည်။

**အစီအစဉ်(၄)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၂)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ စာရင်းစစ်အဖွဲ့ခေါင်းဆောင် အစီရင်ခံစာ (Statutory Audit Report) အရ စာရင်းစစ်ခံခဲ့ပြီးသည့် ဘဏ္ဍာရေးအခြေအနေများကို ဖတ်ကြားခြင်း။**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီအရင်ခံစာအား ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သည့် Myanmar Vigour & Associates Ltd. မှ Partner ဒေါ်ချိုချိုအောင်တင်မှ ရှင်းလင်းဖတ်ကြားခြင်းနှင့် ရောဝတီဘဏ်၏ အကြီးတန်းဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် Mr. Azeem Azimuddin မှ

ဖြည့်စွက်တင်ပြခြင်းတို့အား ဒါရိုက်တာအဖွဲ့မှ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ထားရှိခဲ့ပြီး အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၂) အား အတည်ပြုခဲ့သည်။

**အစီအစဉ်(၅)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၃)**

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖွဲ့ဝင် ရွေးချယ်ခန့်ထားခြင်းနှင့် အတည်ပြုခြင်း**

အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာ ဒေါက်တာတင်လတ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရောဝတီဘဏ်၏ ပြင်ပစာရင်းစစ်အဖွဲ့အဖြစ် WinThin & Associates အဖွဲ့အား ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ၏ အတည်ပြုချက်နှင့်အညီ ရွေးချယ်ခန့်ထားခြင်းအား အစုရှယ်ယာရှင် ဦးသန်းဇော်မှ ထောက်ခံ၍ အစည်းအဝေးတက်ရောက်သော အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ဝင်များမှ ကန့်ကွက်ရန်မရှိပါသဖြင့် ရောဝတီဘဏ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖွဲ့ အဖြစ် WinThin & Associates အဖွဲ့အား ရွေးချယ်ခန့်ထားခြင်းကို အတည်ပြုပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ဆက်လက်တင်ပြရန် သဘောတူကြပါသည်။ အစည်းအဝေး၏ သဘာပတိမှ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်(၃)အား အတည်ပြုခဲ့သည်။

**အစီအစဉ်(၆)**

**အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၄)**

**ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့မှ ဆွေးနွေးခြင်း။**

**အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်မှ** ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း စီးပွားရေးကျပ်တည်းမှုနှင့် ကမ္ဘာ့ကပ် ရောဂါဖြစ်ပေါ်နေခဲ့သော်လည်း ရောဝတီဘဏ်သည် ဘဏ်ခွဲအသစ် (၇)ခုအား ထပ်မံ ဖွင့်လှစ်နိုင်ခဲ့ပါ ကြောင်း၊ ဘဏ်အပ်ငွေများသည်လည်း (၇.၁၁) Trillion အထိ တိုးတက်ခဲ့ပါကြောင်း၊ ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်မှုဖြင့် McKinsey & Company (Private Financial Consultation အဖွဲ့) နှင့် ချိတ်ဆက်ပြီး ဘဏ်၏အနာဂါတ်တွင် ရေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများကိုလည်း ပြုစုချမှတ်ခဲ့ပါကြောင်း၊ အနာဂါတ်အတွက် စိန်ခေါ်မှုများနှင့် ကပ်ရောဂါကူးစက်မှုများရှိနေပါသော်လည်း ရောဝတီဘဏ်၏ စဉ်ဆက်မပြတ်တိုးတက်မှု အတွက် ကြိုးစားသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်မှ** ရောဝတီဘဏ်၏ အောင်မြင်မှုအား Financial အခြေအနေ တိုးတက်မှု၊ ဝန်ထမ်းများ၏ စိတ်ပျော်ရွှင်ကျေနပ်မှု၊ ဖောက်သည်များနှင့် ပိုမိုအဆင်ပြေအောင်မြင်မှုနှင့် ဘဏ်၏ Process များ မြန်ဆန်မှန်ကန်မှုများအပေါ် အခြေခံ၍ တိုင်းတာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုခဲ့ပါသည်။

လက်ရှိအခြေအနေတွင် Over the Counter(OTC) နှင့် Digitalization အချိုးညီနေသဖြင့် 100% Digitalization သွားရန် မဖြစ်နိုင်သေးကြောင်း၊ ထို့ကြောင့် ဘဏ်၏ KPI အား လာမည့်(၅)နှစ်အတွင်း ရှိနေမည့် On Line အချိုးနှင့် Off Line အချိုးအခြေအနေပေါ်အခြေခံ၍ ဆွေးနွေးအကြံပြုစေချင်ပါကြောင်း၊

**ဒေါက်တာတင်လတ်မှ** Tradition Audit မှ Risk Based Audit ကိုသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

**အစီအစဉ်(၇)**

**Re Agenda 7 : Discussions among Shareholders and Directors**

**သဘာပတိမှ ကျေးဇူးတင်စကားနှင့် အစည်းအဝေး နိဂုံးချုပ် စကားပြောကြားခြင်း၊**

သဘာပတိ ဦးဇော်ဇော်မှ အစုရှယ်ယာရှင်များအား ရောဝတီဘဏ်၏ ဘုတ်အဖွဲ့မှ ပိုမိုပွင့်လင်းမြင်သာသော အစီအရင်ခံစာများအား စဉ်ဆက်မပြတ် ပေးပို့သွားမည်ဖြစ်ပြီး စီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့်လည်း ဘုတ်အဖွဲ့အား တိကျမှန်ကန်သော အစီအရင်ခံစာများအား ပေးပို့ရန်တိုက်တွန်းပါကြောင်း၊ ဘဏ်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် ကြိုးစားမှုကြောင့် ရလဒ်ကောင်း ရရှိခဲ့မှုများလည်း အသိအမှတ်ပြုပါကြောင်း၊ ရောဝတီဘဏ်၏ ဝန်ဆောင်မှုများအား အသုံးပြုသည့် ပြည်သူ (Customer) (၃)သန်းကျော် ရှိပြီး Credit Card နှင့် Mobile Banking အသုံးပြုသူ များလည်း တိုးတက်လာပါကြောင်း၊ ရောဝတီဘဏ်၏ တိုးတက်မှုအတွက် အဖက်ဖက်မှကြိုးစား ပေးခဲ့သော ဒါရိုက်တာ၊ ဘုတ်အဖွဲ့၊ Management စီမံခန့်ခွဲသူများအဖွဲ့နှင့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်မှတ်တမ်းတင်အပ်ပါကြောင်း၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ရောဝတီဘဏ်၏ စာရင်းစစ် အစီရင်ခံစာ စစ်ဆေးတင်ပြခဲ့သည့် Myanmar Vigor Audit အဖွဲ့အား အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်းနှင့် ရောဝတီဘဏ်မှ ပြည်သူသို့ပေးသည့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ဝန်ဆောင်မှုများအား မှန်ကန်မြန်ဆန်တိကျစွာ ဆောင်ရွက်ရန်တိုက်တွန်း၍ နိဂုံးချုပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

| မှတ်တမ်းတင်သူ | စိစစ်သူ | အတည်ပြုသူ |
| --- | --- | --- |
|  |  |  |
| (ရွှေရည်ဝင်း)<br>အတွင်းရေးမှူး<br>စီမံခန့်ခွဲမှုကော်မတီ | (အောင်မျိုးစော)<br>ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး | (ဇော်ဇော်)<br>နှစ်ပတ်လည်အထွေထွေ<br>အစည်းအဝေး၏ သဘာပတိ |

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်